Burmese/မြန်မာ

# ရပ်တန့်ပြီးနောက် ထည့်သွင်း စဉ်းစားပါ။

## ကျင်းပတော့မည့် တစ်နိုင်ငံလုံး ရွေးကောက်ပွဲဆိုင်ရာ ရင်းမြစ်ကို စစ်ဆေးပါ။

တစ်နိုင်ငံလုံး ရွေးကောက်ပွဲကို ကျင်းပနေခိုက် သင် မဲထည့်ခြင်းကို ဩဇာလွှမ်းမိုးရန် ကြိုးစားနေသည့် အချက်အလက်များဆိုင်ရာ ဖြန့်ဝေချက်များ၏ ပမာဏမှာ အလွန်များပြားလှသည်။

သင် မြင်တွေ့ရာ၊ ကြားသိရာ သို့မဟုတ် ဖတ်ရှုရာတို့ကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ အကယ်၍ သင့်အနေနှင့် ယင်းအချက်အလက်များအပေါ် သံသယရှိပါက၊ သင့်ဘာသာသင် ကိုယ်ပိုင်အမြင်ကို ပုံဖော်ပြီး ဆုံးဖြတ်ချက်ချခြင်းကို အထောက်အကူပြုရန်အတွက် သင်မေးမြန်းနိုင်သော မေးခွန်းများရှိပါသည်။




### မဲထည့်သူအဖြစ် သင်၏ အခန်းကဏ္ဍ။

အချက်အလက်များသည် အောက်ပါတို့နှင့် ကိုက်ညီမှုရှိ၊မရှိကို အချိန်ယူ ထည့်သွင်းစဉ်းစားပါ။

**ယုံကြည်စိတ်ချရသလား။**

**ယုံကြည်စိတ်ချရသည့် သို့မဟုတ် အသိအမှတ်ပြုနိုင်သော ရင်းမြစ်မှ လာသလား။**

အချက်အလက်များ၏ ရင်းမြစ်ကို သင်သိပါသလား။ အချက်အလက်များသည် အသိအမှတ်ပြု သတင်းလောက သို့မဟုတ် မှန်ကန်မှုကို အတည်ပြုခံထားရသည့် လူမှုကွန်ရက်လောကမှ ထွက်လာသလား။

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် ဆက်သွယ်မှုရေးရာများ၏ မှန်ကန်မှုကို စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းညှိမပေးပါ။

**လက်ရှိဖြစ်ခြင်း။**

**အချက်အလက်များကို မည်သည့်အချိန်က ထုတ်ဝေဖြန့်ချိခဲ့သလဲ။**

ရေးသားချက်/ဆောင်းပါးတစ်ခုကို ယနေ့ပင် ဝေမျှခဲ့ရုံဖြင့် ၎င်းသည် လတ်တလောကဖြစ်သည်ဟု မဆိုနိုင်ပါ။ မူရင်း ရင်းမြစ်နှင့် ထုတ်ဝေဖြန့်ချိရက်ကို အမြဲစစ်ဆေးပါ။

**စိတ်ချရမှု။**

**၎င်းသည် လိမ်လည်လှည့်စားမှုဖြစ်နိုင်သလား။**

အကယ်၍သင်သည် လူမှုကွန်ရက်လောကမှ သို့မဟုတ် အခြားသော အင်တာနက် ဆက်သွယ်ရေးပိုင်းဆိုင်ရာ လောကမှ ဖြန့်ချိချက်များ၏ ရင်းမြစ် သို့မဟုတ် အကြောင်းအရာများအပေါ် သံသယရှိပါက၊ ယင်းကိစ္စကို ရှေ့ဆက်မလုပ်မီ သေချာစွာ စဉ်းစားရန် အရေးကြီးပါသည်။

ဖြစ်နိုင်ခြေရှိလျှင် အချက်အလက်များ၏ ရင်းမြစ်ကို ဆက်သွယ်နိုင်ရာ အရင်းခံကို သင့်အနေနှင့် စစ်ဆေးသင့်သည်။

### AEC ၏ အခန်းကဏ္ဍ။

AEC ဆိုသည်မှာ ၂၀၁၉ ခုနှစ် တစ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကို ဦးစီးဆောင်ရွက်ရန် တာဝန်ပေးခံရသော အချုပ်အခြယ်ကင်းသည့် ကိုယ်စားလှယ် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

AEC ၏ အခန်းကဏ္ဍမှာ အောက်ပါတို့ဖြစ်ပါသည်။

**ရွေးကောက်ပွဲ လုပ်ငန်းစဉ်ဆိုင်ရာ ယုံကြည်စိတ်ချရသော အချက်အလက်များကို ပေးခြင်း။**

AEC သည် ၎င်း၏ အသိပေးကြော်ငြာ လှုံ့ဆော်ချက်များ၊ ဝက်ဘ်ဆိုက်၊ ဆက်သွယ်ရေးဌာနနှင့် လူမှုကွန်ရက်လောကတို့မှတဆင့် မည်ကဲ့သို့ အမည်စာရင်းပေးသွင်းရမည်၊ မဲထည့်ရမည် သို့မဟုတ် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်အဖြစ် ပါဝင်ယှဉ်ပြိုင်ရမည်တို့ဖြင့် ပတ်သက်သော အချက်အလက်များကို အလွယ်တကူ ရယူနိုင်စေပါသည်။

အကယ်၍ ဤရွေးကောက်ပွဲ လုပ်ငန်းစဉ်များဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်ပြီး မှားယွင်းမှု တစ်စုံတစ်ရာရှိပါက၊ ၎င်းကိုပြင်ဆင်ရန် AEC က အရေးယူဆောင်ရွက်ပါလိမ့်မည်။ ဤရွေးကောက်ပွဲ လုပ်ငန်းစဉ်များမှလွဲ၍ ရွေးကောက်ပွဲဆိုင်ရာ ဆက်သွယ်ရေးပိုင်းကိစ္စများ၏ တိကျမှန်ကန်မှုကို စစ်ဆေးစိစစ်ပေးရန် AEC က မည်သည့်အခန်းကဏ္ဍမှာမဆို ပါဝင်ခြင်းမရှိပါ။

**ရွေးကောက်ပွဲဆိုင်ရာ ဆက်သွယ်ရေးပိုင်းကိစ္စများ တရားဝင်ခွင့်ပြုချက်ကို စုံစမ်းစစ်ဆေးပေးခြင်း။**

ယင်းအချက်အလက်များ၏ ရင်းမြစ်ကို သင်သိရှိရေးကို အထောက်အကူပြုရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ အချို့သော ဆက်သွယ်ရေးပိုင်းကိစ္စများတွင် တရားဝင်ခွင့်ပြုချက်ရှိရန် လိုအပ်ပါသည်။ AEC သည် တိုင်ကြားချက်များကို လက်ခံရရှိသည့်အခါ၌ တရားဝင်ခွင့်ပြုချက်ကို အမှန်တကယ် သေချာစွာ မရရှိထားသော ရွေးကောက်ပွဲဆိုင်ရာ ဆက်သွယ်ရေးပိုင်းကိစ္စများကို စုံစမ်းစစ်ဆေးလိမ့်မည်ဖြစ်သည်။

ပြောဆိုဆက်သွယ်နိုင်သူများ၊ အစိုးရ ကိုယ်စားလှယ် အဖွဲ့အစည်းများ နှင့် သတင်းလောက အဖွဲ့အစည်းများတို့၏ အခန်းကဏ္ဍအကြောင်းများကို သိရှိရန် AEC **ဝက်ဘ်ဆိုက်၌** ကြည့်ပါ။

www.aec.gov.au 13 23 26

AEC Australian Electoral Commission

Authorised by the Electoral Commissioner, Canberra

19_1169